ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

(Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC (၁၃၄၅) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ(ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

(က) **စီမံကိန်းအဆိုပြုသူ** - ဦးဌေးမြင့် (အုပ်ချုပ်မှုဒါရိုက်တာ)

(ခ) **ဆက်သွယ်ရန် လိပ်စာ** - Global Earth Agro & Aqua Industry Public Co.,Ltd. အမှတ်(၁၃၀)၊ ရွှေဂုံတိုင်လမ်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(ဂ) **စီမံကိန်းအမျိုးအစား** - ငါးမွေးမြူခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ အေးခဲခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ

(ဃ) **စီမံကိန်းကာလ** - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ

(င) **စီမံကိန်း၏ အရွယ်အစား** - မြေရိယာ (၉၀၀) ဧက

(စ) **စီမံကိန်းတည်နေရာ** - ရောဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ဘုရားချောင်းကျေးရွာ

(ဆ) **ECC သက်တမ်း (၅)နှစ်** - စတင်ထုတ်ပေးရက် - ၃၁-၇-၂၀၂၅
သက်တမ်းကုန်ဆုံးရက် - ၃၀-၇-၂၀၃၀

(ဇ) **အတည်ပြုအစီရင်ခံစာ** - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရောဝတီတိုင်းဒေသကြီး၏ ၂၈-၅-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၃/၂(၇) (၁၂၈၂/၂၀၂၅) ဖြင့် တင်ပြသည့် **"ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာ"**



ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

စည်းကမ်းချက်များ

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက် ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည် အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆)လတစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်း ဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်း ဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြု ခွင့်နှင့် လုပ်ငန်းဆောင်ရွက် ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့်ပယ်ဖျက်လျှင် သော်လည်းကောင်း၊ သက်တမ်း တိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလို အလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

Global Earth Agro and Aqua Industry Public Co.,Ltd. မှ Agro Aqua Food Industry Sync Complex(AA–FISC)Project အကောင်အထည်ဖော်ဆောင်ရွက်မည့် ငါးမွေးမြူခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ အေးခဲခြင်းနှင့် ဆက်စပ်သော လုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ

၁။ Global Earth Agro and Aqua Industry Public Co.,Ltd. မှ ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ဘုရားချောင်းကျေးရွာ၊ မြေရီယာ (၉၀၀)ကေတွင် Agro Aqua Food Industry Sync Complex (AA– FISC) Project အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ငါးမွေးမြူခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ အေးခဲခြင်းနှင့်ဆက်စပ်သောလုပ်ငန်းအတွက် ဧရာဝတီတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၂၈–၅–၂၀၂၅ ရက်စွဲပါ စာဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးဌေးမြင့်၊ အုပ်ချုပ်မှုဒါရိုက်တာ၊ Global Earth Agro and Aqua Industry Public Co.,Ltd.၊ အမှတ်(၁၃၀)၊ ရွှေဂုံတိုင်လမ်း၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း၀၉–၅၄၀၇၄၈၊ Global earth.aa@gmail. com ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် ရာနှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့်Global Earth Agro & Aqua Industry Public Company Limited သည် ဧရာဝတီတိုင်းဒေသကြီးရှိ မြေ(၃၆၄၄.၁၃) ဧကအနက် မြေ(၉၀၀)ကေ ကို Agro Aqua Food Industry Sync Complex (AA–FISC) Projectကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ငါးသားဖောက်စခန်းနှင့် ငါးသားပေါက်မွေးမြူရေးစခန်း၊ အသားတိုးငါး မွေးမြူရေးစခန်း၊ ငါးအစာတောင့်စက်ရုံ၊ ပြုပြင်ထုတ်လုပ်ခြင်းစက်ရုံနှင့် အအေးခန်းသိုလှောင်ရုံ၊ ဇီဝလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဝန်ထမ်းအိမ်ရာနှင့် ပင်မရုံးဧရိယာစသည့် အစိတ်အပိုင်း(၇)ခုနှင့် အခြားဆက်စပ်အစိတ်အပိုင်းများ ရေသွင်းမြောင်း၊ ရေလှောင်ကန်နှင့် ရေနုတ်မြောင်းများနှင့် ဇီဝလောင်စာသုံးလျှပ်စစ်ဓာတ်အားပေး စက်ရုံများ ပါဝင်မည်ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းကို ၂၀၁၈ခုနှစ်မှ စတင်၍ ၂၀၂၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း၊ ခန့်မှန်းကုန်ကျစရိတ် ကျပ်သန်းပေါင်း ၂၈၁,၇၈၄ (အမေရိကန်ဒေါ်လာ ၁၂၃,၅၂၂ သန်း) ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် ငါးတန်ငါးမွေးမြူရေးလုပ်ငန်းစဉ်တွင် အဆင့်သုံးဆင့်ရှိကြောင်း၊ ငါးသားဖောက်ခြင်းအဆင့်(Hatehery Stage)၊ ငါးသားပေါက်မွေးမြူခြင်းအဆင့်(Nursery Stage)နှင့် အသားတိုးငါးမွေးမြူခြင်းအဆင့်(Grow Out Stage)တို့ဖြစ်ကြောင်း၊ ငါးမွေးမြူခြင်းမှ စျေးကွက်ဝင်အရွယ်အစားအထိ (၁၂၀၀ ဂရမ် မှ ၁၆၀၀

ဂရမ်) သည် (၁၂ လမှ ၁၄လအထိ) ကြာမြင့်ကြောင်း၊ငါးအသားဖောက်စခန်းဌ Breeder Tank(၁၀)ကန်၊ Hatchery Jars(၃၂)ခု၊ စုစုပေါင်း(၃၂)ခု၊ Larvae Tank(၁၆)ခု၊ Larvae Tank II (၈)ခုတို့ရှိကြောင်း၊ သားပေါက်မွေးမြူရေးဧရိယာတွင် N1 ကန်(၈၀)နှင့် N2ကန် (၉၆)ကန် ရှိ ကြောင်း၊ အသားတိုးငါးမွေးမြူရေးကန်(၇၀)ရှိကြောင်း၊ လုပ်ငန်းလည်ပတ်မှုအဆင့်တွင် ငါးကန်ဖော်မှုန်းသည် တစ်ရက်လျှင် တန်ချိန် (၁၀,၀၀၀မှ ၁၅,၀၀၀)အထိရှိကြောင်း၊ လက်ရှိငါးကန် ဖော်နှုန်းမှာ တစ်ရက်လျှင် (၄၀ မှ ၅၅) တန်ဖြစ်ကြောင်း၊ ငါးအစာတောင့်လုပ်ငန်းစဉ်တွင် ငါးများ အတွက် ရေပေါ်တွင်ပေါ်နိုင်သော ငါးအစာတောင့်အရွယ်အစား(၁၁)မျိုးကို ထုတ်လုပ်မည် ဖြစ်ကြောင်း၊ ကုန်ကြမ်းအသုံးပြုမှုအနေဖြင့် ဂျုံ၊ နှမ်းဖတ်၊ မြေပဲဖတ်၊ မုံလာဖတ်၊ ဆန်ကွဲ၊ ဖွဲနု၊ မုန်ညင်း ဖတ်၊ ပန်းနှမ်းဖတ်၊ နေကြာဖတ်၊ ပုစွန်ဖွဲ၊ ငါးပေါင်းမှုန့်၊ အရိုးအသားမှုန့်၊ ငါးဆီ၊ Premix တို့ကို အများဆုံးအသုံးပြုမည်ဖြစ်ပြီး၊ ပဲပုပ်ဖတ်ကို ပြည်ပမှ တင်သွင်းမည်ဖြစ်ကြောင်း၊ စုစုပေါင်း ထုတ်လုပ်မှု ပမာဏမှာ တစ်ရက်လျှင် တန်ချိန် (၁၆၀၀) ဖြစ်ကြောင်း၊ စီမံကိန်း ပထမအဆင့်၌ တစ်ရက်လျှင် တန်ချိန် (၄၀၀) ထွက်ရှိမည်ဖြစ်ကြောင်း၊ စီမံကိန်း ဒုတိယအဆင့်၌ တစ်ရက်လျှင် စုစုပေါင်း ထုတ်လုပ်မှု ပမာဏတန်ချိန် (၁၂၀၀) ထွက်ရှိမည်ဖြစ်ကြောင်း၊ ငါးအစာတောင့် စက်ရုံအတွက် တစ်နာရီလျှင် ရေ (၂၀) ကုဗမီတာခန့် အသုံးပြုမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီး (၂) MW ထရန်စဖော်မာ(၉)လုံးတပ်ဆင်အသုံးပြုမည်ဖြစ်ကြောင်း၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့်အအေးခန်း သိုလှောင်ရုံလုပ်ငန်းစဉ်တွင် ကုန်ကြမ်းကိုကုန်ချောအသွင် ပြင်ဆင်ခြင်း အဆင့် ဖြစ် ကြောင်း၊ ပြုပြင်ထုတ်လုပ်ခြင်းစက်ရုံ၌ ငါးမွေးမြူရေးကန်မှ ဖမ်းယူရရှိသော ငါးများကို စစ်ဆေးခြင်း၊ ဆေးကြောခြင်း၊ အရွယ်အစားခွဲခြင်း၊ အဆင့်သတ်မှတ်ခြင်း၊ ပိုင်းဖြတ်ခြင်းနှင့် ထုတ်ပိုးခြင်းစသည့် လုပ်ငန်းများပါဝင်မည်ဖြစ်ကြောင်း၊ အအေးခန်းသိုလှောင်ရုံသည် အစား အစာအေးခဲခြင်းလုပ်ငန်း၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ထုတ်ကုန်၏ အလယ် ဗဟိုမှ အပူချိန် -18 ဒီဂရီစင်တီဂရိတ်သို့ ရောက်သောအခါ အအေးခံခြင်းလုပ်ငန်းစဉ်ပြီး မြောက်သည့်အတွက် ရေခဲသေတ္တာများတွင် ပြင်ဆင်ပြီးသည်နှင့် ချက်ချင်းအေးခဲစေမည် ဖြစ်ကြောင်း၊ အအေးခန်းသိုလှောင်ရုံတွင်ငါးနှင့် ထုတ်ကုန်များကို အပူချိန်နိမ့်သော ကိုင်တွယ် ခန်း နှင့် အအေးကြိုခန်းတို့ဖြင့် ကွင်းဆက်တစ်ခုလုံး၏ ချိတ်ဆက်မှုစနစ်ဖြင့် တပ်ဆင်ထား မည်ဖြစ်ကြောင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ အမိုးနီးယားကို (Refrigerants) အဖြစ် အအေးခန်း များအတွက် အသုံးပြုမည်ဖြစ်ကြောင်း၊ Propylene Glycolကို အေးခဲမှု ဆန့်ကျင်ဝေရန် (anti-freeze agent)အဖြစ် အအေးခန်းသိုလှောင်မှုဌ အသုံးပြုမည် ဖြစ် ကြောင်း၊ ကာဗွန်ဒိုင် အောက်ဆိုဒ်(ဖ)ကန်၊ အမိုးနီးယားကန်(၂၉)ကန်နှင့် အအေးခန်းအတွက် propylene glycol တိုင်ကီ (၅)ခုရှိကြောင်း၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အအေးခန်းသိုလှောင်ရုံသည် တစ်ရက်လျှင် ငါးတန်ချိန်(၁၀၀၀၀)ခန့် ပြုပြင်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ငါးအသားလွှာလုပ်ငန်းသည် လိုအပ်သော လတ်ဆတ်သည့်ငါးများကို ငါးမွေးမြူရေးကန်မှ နေ့စဉ်ထောက်ပံ့ပေးမည် ဖြစ် ကြောင်း၊ ထုတ်ကုန်များမှာ ငါးအသားလွှာ၊ လိပ်ပြာပုံ ငါးအသားလွှာနှင့် ဘေးထွက်ပစ္စည်း

များကို တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်သော ငါးအရေခွံကြော်၊ ငါးမြီးကြော်၊ ငါးအူချောင်း၊ ငါးအသားချောင်း၊ ငါးအသားလုံး၊ ငါးဖက်ထုပ်၊ ငါးပေါင်းမှုန့်၊ Dashiငါးမှုန့်နှင့် ငါးဆီတို့ ထုတ်လုပ်မည်ဖြစ်ကြောင်း၊ စုစုပေါင်းထုတ်လုပ်မှုမှာ တစ်နှစ်လျှင် ငါးအသားလွှာတန်ချိန် (၂၄၀၀၀)၊ ငါးအရေခွံတန်ချိန် (၂၄၀၀၀)ခန့်၊ ငါးစီပေါင်း တန်ချိန် (၁၅၀၀) ထုတ်လုပ်မည် ဖြစ်ကြောင်း၊ ငါးပေါင်းမှုန့်နှင့် ငါးဆီတန်ချိန် (၆၂၂၅)နှင့် တန်ချိန် (၃၆၀၀) အသီးသီးထုတ် လုပ်မည်ဖြစ်ကြောင်း၊ အဆိုပါစက်ရုံ၏ ရေလိုအပ်ချက်မှာ တစ်နာရီလျှင် (၁၂၅၀) ကုဗမီတာ ခန့်ဖြစ်ပြီး၊ လျှပ်စစ်ဓာတ်အားအတွက် (2)MW ထရန်စဖော်မာ (၁၀)လုံး တပ်ဆင်အသုံးပြု မည်ဖြစ်ကြောင်း၊ ဇီဝလောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် အဓိကကုန်ကြမ်းမှာ စပါးခွံရေနှင့် စွမ်းအင်တို့ဖြစ်ကြောင်း၊ စပါးခွံကိုစွမ်းအင်ထုတ်လုပ်ရာတွင် လောင်စာအဖြစ် တိုက်ရိုက်လောင်ကျွမ်းစေခြင်း (သို့မဟုတ်) ဓာတ်ငွေ့ထုတ်လုပ်မှုမှ တစ်ဆင့်အသုံးပြုမည် ဖြစ်ကြောင်း၊ ၁၅ မဂ္ဂါဝပ် ဇီဝလောင်စာဘွိုင်လာ နှင့် တာဘိုင်းဂျန်နရေတာ (၂)ခု၊ ၁ မဂ္ဂါဝပ် ဇီဝလောင်စာဓာတ်ငွေ့နှင့် ဓာတ်ငွေ့အင်ဂျင် ဂျန်နရေတာ (၁၂)ခု ပါဝင်မည်ဖြစ်ကြောင်း၊ ကုန်ကြမ်းများကို ရေလမ်းနှင့် ကုန်းလမ်းမှ သယ်ယူပို့ဆောင်မည်ဖြစ်ကြောင်း၊ biomass Boilerနှင့် Turbine Generatorများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ တစ်နာရီလျှင် (၃၀)မဂ္ဂါဝပ် ဖြစ်ကြောင်း၊ Biomass Gasifierနှင့် Gas Engine Generatorsမှာ တစ်နာရီလျှင် (၁၂) မဂ္ဂါဝပ်ဖြစ်ကြောင်း၊ ဇီဝလောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ တစ်နာရီလျှင် စုစုပေါင်း လျှပ်စစ် ဓာတ်အား(၄၂)မဂ္ဂါဝပ်ထုတ်လုပ်မည်ဖြစ်ကြောင်း၊ စီမံကိန်း၏ အဓိကရေအရင်းအမြစ်ကို ရွှေလောင်းမြစ်နှင့် မြေအောက်ရေတို့မှ အသုံးပြုမည်ဖြစ်ကြောင်း၊ ရွှေလောင်းမြစ်မှ ရေကို တူးမြောင်း (၂)ခုမှ စီးဆင်စေမည်ဖြစ်ကြောင်းနှင့် စီမံကိန်းအတွင်းရှိ ရေလှောင်ကန် (၁၄)ခုတွင် သိုလှောင် သိမ်းဆည်းမည်ဖြစ်ကြောင်း၊ ရေလှောင်ကန်များမှ ရေကိုငါးမွေးမြူရေးလုပ်ငန်းအတွက် အသုံးပြု မည်ဖြစ်ကြောင်း၊ ရေသန့်စင်စက်မှ သန့်စင်ပြီးရေများကို ငါးအစာတောင့်စက်ရုံ၊ ဇီဝလောင် စာသုံး ဓာတ်အားပေးစက်ရုံနှင့် ပြုပြင်ထိန်းသိမ်းရေးနှင့် အအေးခန်းစက်ရုံ၊ ဝန်ထမ်းအိမ်ရာနှင့် ရုံးခန်းအတွက်အသုံးပြုမည်ဖြစ်ကြောင်း၊ သောက်သုံးရေကို ရေလှောင်ကန်မှ ထုတ်ယူပြီး ရေသန့် စက်ရုံ၌ သန့်စင်ပြီးအသုံးပြုမည်ဖြစ်ကြောင်း၊ စုစုပေါင်းရေသုံးစွဲမှုမှာ တစ်ရက်လျှင် (၁၄၅၅၀) ကုဗမီတာခန့်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားအသုံးပြုမှုအနေဖြင့် နိုင်ငံတော် ဓာတ်အားလိုင်း၊ ဒီဇယ်ဂျင်နရေတာ၊ ဇီဝလောင်စာစွမ်းအင်၊ ဆိုလာစွမ်းအင်စသည့်တို့ဖြင့် အသုံးပြုမည် ဖြစ် ကြောင်း၊ ဒီဇယ်မီးစက်စုစုပေါင်း(၃၁)ခုအနက်(၁၅)ခုကို လည်ပတ်လျက်ရှိကြောင်း၊ လုပ်ငန်း လည်ပတ်ချိန်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ (၁,၀၁၄.၈၇၅) မဂ္ဂါဝပ်ရှိကြောင်း၊ တစ်ရက် လျှင် ဓာတ်အားသုံးစွဲမှုပမာဏမှာ (၆၆၈.၁၆) မဂ္ဂါဝပ်ရှိကြောင်း၊ တည်ဆောက်ဆဲအဆင့်တွင် လောင်စာဆီသုံးစွဲမှုမှာ တစ်ရက်လျှင် ဒီဇယ်ဆီ (၁၃၂၀) ဂါလန်နှင့် လည်ပတ်မှုအဆင့်တွင် တစ်ရက်လျှင် (၄၆၆၀) ဂါလန်ဖြစ်ကြောင်း၊ ဓာတုပစ္စည်းသုံးစွဲမှုအနေဖြင့် $KMnO_4$ ကို ပိုးသတ် ဆေးအဖြစ် ငါးများတွင် သက်ရောက်နိုင်သော ရောဂါပိုးမွှားများကို ထိရောက်စွာ နှိမ်နင်း

သန့်ရှင်းရေးအတွက်လည်းကောင်း၊ pH တိုးမြှင့်ရန်နှင့် ရောဂါပိုးမွှားများ အပါအဝင်မလိုလား အပ်သော သက်ရှိများကို ဖယ်ရှားရန် ငါးကန်အောက်ခြေတွင် ထုံးမှုန့်များ CaO)ကို လည်းကောင်း၊ Poly Aluminum Chlorideကို ငါးမွေးမြူရေးတွင် အနည်ကျစေရန် အထောက်အပံ့အဖြစ် အသုံးပြု မည်ဖြစ်ကြောင်း၊ $KMnO_4$ကို 2ppm- 15ppmထိ အသုံးပြုမည်ဖြစ်ကြောင်း၊ CaO သုံးစွဲမှုမှာ တစ်ကေလျှင် ၁၆၀ ကီလိုဂရမ်ဖြစ်ကြောင်း၊ PAC အသုံးပြုမှာ 5ppm- 10ppm ဖြစ်ကြောင်း၊ တရက်လျှင် အလုပ်ချိန်(၈)နာရီ၊ ဝန်ထမ်းအင်အား (၅,၉၁၁)ဦးဖြင့် လည်ပတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အလုပ်ချိန်သည် တပတ်လျှင်(၆)ရက်ဖြင့် ငါးမွေးမြူရေးဌာနတွင် အလုပ်လုပ်သော ဝန်ထမ်းများ သို့မဟုတ် လုပ်သားများသည် အဆိုင်းဖြင့်သာ လုပ်ကိုင်ရမည် ဖြစ်ကြောင်း ဖော်ပြ ထားသည်ကို စိစစ်တွေ့ရှိရပါသည်။

၅။ **စီမံကိန်းတည်နေရာ။** Global Earth Agro & Aqua Industry Public Company Limited (GEAAI) သည် မြောက်လတ္တီကျူ ၁၆° ၄၇' ၂၀.၂၂" နှင့် အရှေ့လောင်ဂျီကျူ ၉၅° ၁၈' ၃၇.၀၄၇၆" တွင်ရှိသော ကွင်းအမှတ် - ၆၂၀ (က)၊ ကျုံတုံးချောင်း၊ ကွင်းအမှတ် - ၆၂၀ (ခ)၊ ပဥ္စကုန်းနောက်၊ ကွင်းအမှတ် - ၆၂၂ (ခ)၊ ပိုက်တန်း၊ မြေနုကျေးရွာ၊ ကွင်းအမှတ် - ၆၁၈ (ခ)၊ ပဥ္စကုန်းအရှေ့၊ ကွင်းအမှတ် - ၆၁၈ (ဂ)၊ ပဥ္စကုန်းတောင်၊ ကွင်းအမှတ် - ၆၁၉၊ ဥတို၊ ဘုရားချောင်း ကျေးရွာ၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် တည်ရှိပါသည်။

Global Earth Agro & Aqua Industry Public Co.,Ltd.မှ

အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Agro Aqua Food Industry Sync Complex ၏

Location Map



Global Earth Agro & Aqua Industry Public Co.,Ltd.မှ

အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Agro Aqua Food Industry Sync Complex ၏

Layout Plan



Global Earth Agro & Aqua Industry Public Co.,Ltd.မှ

အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Agro Aqua Food Industry Sync Complex ၏

Operation Process



နောက်ဆက်တွဲ(ခ)

ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) အစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက ရောဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ဘုရားချောင်းကျေးရွာ၊ မြေရေယာ(၉၀၀) ကေတွင် Agro Aqua Food Industry Sync Complex (AA- FISC) Project အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ငါးမွေးမြူခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ အေးခဲခြင်းနှင့်ဆက်စပ်သောလုပ်ငန်းအတွက် ရောဝတီတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၂၈-၅-၂၀၂၅ ရက်စွဲပါ စာဖြင့် တင်ပြခဲ့သည့် အပြီးသတ်ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (EIA) အစီရင်ခံစာကို ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာ ဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့်Global Earth Agro & Aqua Industry Public Company Limitedသည် ရောဝတီတိုင်းဒေသကြီးရှိ မြေ(၃၆၄၄. ၁၃) ကေအနက် မြေ (၉၀၀)ကေ ကို Agro Aqua Food Industry Sync Complex (AA-FISC) Projectကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ငါးသားဖောက်စခန်းနှင့် ငါးသားပေါက်မွေးမြူရေးစခန်း၊ အသားတိုးငါး မွေးမြူရေးစခန်း၊ ငါးအစာတောင့်စက်ရုံ၊ ပြုပြင်ထုတ်လုပ်ခြင်းစက်ရုံနှင့် အအေးခန်းသိုလှောင်ရုံ၊ ဇီဝလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဝန်ထမ်းအိမ်ရာနှင့် ပင်မရုံးရှိယာစသည့် အစိတ်အပိုင်း(၇)ခုနှင့် အခြားဆက်စပ်အစိတ်အပိုင်းများ ရေသွင်းမြောင်း၊ ရေလှောင်ကန်နှင့် ရေနုတ် မြောင်းများနှင့် ဇီဝလောင်စာ သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ပါဝင်မည်ဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းကို ၂၀၁၈ခုနှစ်မှ စတင်၍ ၂၀၂၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးမည်ဟု ခန့်မှန်းထား ကြောင်း၊ ခန့်မှန်းကုန်ကျစရိတ် ကျပ်သန်းပေါင်း ၂၈၁,၇၈၄ (အမေရိကန်ဒေါ်လာ ၁၂၃,၅၂၂ သန်း) ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဖုန်မှုန့်များလွင့်ပြန်မှုများကာကွယ်တားဆီးရေး အစီအမံများဆောင်ရွက်သွားရန်၊

(၂) မြေသားလမ်းများပေါ်တွင် ရေဖျန်းခြင်းများ ဆောင်ရွက်သွားရန်၊

(၃) လေပြင်းတိုက်ခတ်မှုကြောင့် ဖုန်မှုန့်များနှင့် အပျက်အစီးများ လွင့်စင်နိုင်သည့် နေရာများတွင် အတားအဆီးများထားရှိရန်၊

(၄) ငါးကုန်ကြမ်းများကို Hydraulic Dump System, Conveyor (သို့) ဖုံးအုပ်ပြီး သယ်ယူရန်၊

(၅) လေထုညစ်ညမ်းမှုကို လျှော့ချရန်အတွက် ELectrosatic Precipitator တပ်ဆင်ရန်၊

(၆) မီးခိုးငွေ့များ ညစ်ညမ်းခြင်းမှ ကာကွယ်ရန် ဘွိုင်လာများ၊ မီးခိုးခေါင်းတိုင်များနှင့်ယာဉ်များကို ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊

(၇) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးထုတ်လွှတ်မှု လမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းနှင့် ပုံမှန်တိုင်းတာခြင်းများ ဆောင်ရွက်ရန်။

(ဃ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသောကိရိယာများအတွက် ဆူညံသံအတားအဆီးနံရံကို တပ်ဆင်ရန်၊

(၂) ဆူညံသံပါဝင်သော ကိရိယာများကို ကန့်သတ်ရေယာတွင် ထားရှိမည်ဖြစ်ကြောင်းနှင့် ရေရှည်ထိတွေ့နေရသော ဝန်ထမ်းများအတွက် ဆူညံသံကာကွယ် ပေးသည့် PPEများ ပေးဆောင်ထားရန်၊

(၃) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးထုတ်လွှတ်မှု လမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းနှင့် ပုံမှန်တိုင်းတာခြင်းများ ဆောင်ရွက်ရန်။

(င) **အနံ့စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) Organic ဒြပ်ထုများ စုပုံလာခြင်းကို လျှော့ချရန်နှင့် အနံ့ဆိုးများ လျော့နည်းစေရန်အတွက်လေဝင်လေထွက်ကောင်းမွန်ခြင်းနှင့် ရေအရည်အသွေးထိန်းသိမ်းခြင်း အပါအဝင်သင့်လျော်သော ရေကန်စီမံခန့်ခွဲမှု အလေ့အကျင့်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) ငါးအစာတောင့်စက်ရုံ၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အအေးခန်းသိုလှောင်ရုံတို့တွင် လေဝင်လေထွက်ကောင်းမွန်စေရန်နှင့် ဓာတုသန့်စင်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းသုံး စွန့်ပစ်ပစ္စည်းများနှင့် အိမ်တွင်းစွန့်ပစ်ပစ္စည်းများကို မသင့်လျော်စွာ စွန့်ပစ်ခြင်းကို တားမြစ်ရန်၊

(၄) Sulfidesနှင့် mercaptans အပါအဝင် အနံ့ဆိုးများ ထုတ်လွှတ်မှုများအား သန့်စင်ရန် သင့်လျော်သောလုပ်ငန်းစဉ်သုံးပစ္စည်းများတွင် (ဥပမာ မီးဖိုချောင်) Condenser များကို တပ်ဆင်ရန်။

(စ) **ရေအရည်အသွေး စီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ငါးမွေးမြူရေးကန်မှ စွန့်ထုတ်ရေများသည် အနီးပတ်ဝန်းကျင်ရှိ မြစ်/ချောင်းထဲသို့ တိုက်ရိုက်စွန့်ပစ်ခြင်းအား တားမြစ်ရန်၊

(၂) ရေညစ်ညမ်းမှုပမာဏကို လျှော့ချရန်အတွက် ရေလမ်းကြောင်းထဲသို့ မစွန့်ထုတ်မီ ညစ်ညမ်းမှုအဆင့်လျှော့ချသန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၃) အနည်ကန်များ၊ စိမ့်မြေများကို ဖြတ်သန်းပြီးမှ စွန့်ထုတ်ရန်၊

(၄) စက်ပစ္စည်းများ၊ မော်တော်ယာဉ် သို့မဟုတ် သန့်ရှင်းဆေးကြောခြင်း သို့မဟုတ် ရေများအနီးကပ်လျက်တွင် ဆေးကြောခြင်းကို တားမြစ်ရန်၊

(၅) သန့်စင်ခြင်းနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းမှ ထွက်ရှိလာသောစွန့်ပစ်ရေဆိုးများကို သင့်လျော်စွာသန့်စင်ခြင်းများ ဆောင်ရွက်ရန်၊

(၆) ရေတိုက်စားမှုကို ထိန်းချုပ်ရန် ရေနုတ်မြောင်းများ အချိန်မီတည်ဆောက်ခြင်းကို ကြိုးမားသော မြေဆီလွှာထိခိုက်မှု မဖြစ်မီ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၇) လောင်စာဆီနှင့် အန္တရာယ်ရှိသောပစ္စည်းများသိုလှောင်ခြင်းနှင့်ကိုင်တွယ်ခြင်းတို့ကိုမြစ်/ချောင်းများနှင့်ဝေးသောနေရာတွင် ထားရှိရန်။

(ဆ) **အစိုင်အခဲ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မွေးမြူရေးကန်များအားလုံးတွင် High Density Polyetyhlene(HDPE)လိုင်းကို အသုံးပြုရန်၊

(၂) ငါးကန်အောက်ခြေမှ စွန့်ပစ်ပစ္စည်းများကို ပုံမှန်အားဖြင့် နှစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ထက်ပိုသော ငါးကန်ဖော်ပြီးသည့်အခါ ရှင်းလင်းလုပ်ဆောင်ရန်၊

(၃) ကုန်ကြမ်း၊ ထုတ်ကုန်နှင့် ဘေးထွက်ပစ္စည်းများကို စနစ်တကျသိမ်းဆည်းပြီး သက်တမ်းမကုန်မီနှင့် မပျက်စီးမီ အသုံးပြုရန်၊

(၄) အစားအသောက်စွန့်ပစ်ပစ္စည်းများ၊ အန္တရာယ်ရှိသောဓာတုပစ္စည်းများနှင့် အခြားသောပစ္စည်းများအား စီမံကိန်းဧရိယာအတွင်းရှိ သတ်မှတ်နေရာတွင်

သီးခြားစီ သိမ်းဆည်းထားရှိကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ချိတ်ဆက် စွန့်ပစ်ရန်၊

(၅) ငါးကန်အတွင်း မွေးမြူရေးထုတ်ကုန်အရည်အသွေး စံချိန်စံညွှန်းများနှင့် အညီ အန္တရာယ်ရှိသော ဓာတုပစ္စည်းများတားမြစ်ရေးဆောင်ရွက်ရန်၊

(၆) အိမ်သုံးစွန့်ပစ်ပစ္စည်း (အရည်)နှင့် အညစ်အကြေးများအား မိလ္လာကန်များတွင် သိမ်းဆည်းထား၍ သန့်စင်ပြီးမှ စွန့်ပစ်မည်ကို လိုက်နာဆောင်ရွက်ရန်၊

(၇) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ သတ်မှတ်ထားသော လမ်းညွှန် ချက်များနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရန်။

(ဇ) **ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှု** ။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေနုတ်မြောင်းများအတွင်း ရေနေသတ္တဝါမျိုးစိတ်များ လွတ်ထွက်လာနိုင်သည့်အန္တရာယ်မှ ကာကွယ်နိုင်ရန် သေးငယ်သော ဇကာကွက်များ လုံလောက်စွာ တပ်ဆင်ခြင်းနှင့် ပြုပြင်ခြင်းများ ဆောင်ရွက်ရန်၊

(၂) ငါးကန်များတွင်ကျောက်စရစ်ရေစစ်ထုတ်ခြင်းစနစ် တပ်ဆင်ရန်၊

(၃) မိုးအလွန်အကျွံရွာသွန်းသောအခါ ငါးကန်များရေမပြည့်စေရေး ထိန်းသိမ်းရန်၊

(၄) တောရိုင်းတိရစ္ဆာန်များကို အစာကျွေးခြင်း၊ အမဲလိုက်ခြင်း၊ စုဆောင်းခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း၊ တောရိုင်းတိရစ္ဆာန်များကိုအိမ်မွေးတိရစ္ဆာန်များအဖြစ် ထားရှိခြင်း သို့မဟုတ် အလုပ်သမားသယ်ယူပို့ဆောင်ခြင်းတို့ တားမြစ်ရန် ။

(ဈ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းရေး စီမံခန့်ခွဲမှု** ။ အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) ပညာရေး၊ အများပြည်သူဆိုင်ရာနေရာများ၊ အန္တရာယ် ဖြစ်နိုင်ချေရှိသောဧရိယာ/ စက်ပစ္စည်းများနှင့် ထိတွေ့ခြင်းမှကာကွယ်နိုင်ရန်ဆိုင်းဘုတ်များ၊ အတားအဆီးများအသုံးပြုခြင်း (ဥပမာ- တံခါးသော့ခတ်ခြင်း၊ ဂိတ်တံခါးများ၊ လုပ်ငန်းလည်ပတ်သည့် နေရာကို ခြံစည်း ရိုးခတ်ခြင်းများ) ပြုလုပ်ရန်၊

(၂) ဝန်ထမ်းများသည် လုပ်ငန်းခွင်တွင် အလုပ်လုပ်နေစဉ်အတွင်း သက်ဆိုင်ရာ တစ်ကိုယ်ရည်သုံး အကာအကွယ်ပစ္စည်းများ တပ်ဆင်ထားရန်၊

(၃) အလုပ်သမားများနှင့်ဒေသခံပြည်သူများအတွက် အသိပညာပေးသင်တန်းများနှင့် ထိရောက်သောကျန်းမာရေး စောင့်ရှောက်မှု အထောက်အပံ့များ ပေးဆောင်ရန်၊

(၄) လုပ်ငန်းခွင်တိုင်းတွင်ဘေးကင်းရေးနှင့် ရှုဒိုးသူနာပြုစုနည်း ဆေးသေတ္တာ ကိုထားရန်။

(ည) **မီးဘေးအန္တရာယ်စီမံခန့်ခွဲမှု**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဧရိယာအားလုံးအတွက် ဝါယာကြိုးစနစ်နှင့် စီမံခန့်ခွဲမှုအချိန်ဇယားများကို လစဉ်စစ်ဆေးရန်၊

(၂) မီးအချက်ပေးစနစ်များနှင့် အခြားမီးဘေးကာကွယ်ရေးပစ္စည်းများ ကောင်းမွန်စေရေး စီမံဆောင်ရွက်ရန်၊

(၃) ဝန်ထမ်းများအားမီးဘေးလုံခြုံရေးလုပ်ထုံးလုပ်နည်းများကို ဖြန့်ဝေခြင်း၊ အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်ရေး သင်တန်းများဆောင်ရွက်ရန်၊

(၄) မီးဘေးအန္တရာယ်ကာကွယ်ရန် အရေးပေါ်ထွက်ပေါက်များ၊ အချက်ပြအသံပေးစနစ်များထားရှိပြီး လိုအပ်သည့်မီးသတ်ဆေးဘူး၊ မီးသတ်ရေကန်၊ မီးသတ်ပိုက်များထားရှိရန်။

(ဋ) **အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) သဘာဝဘေးအန္တရာယ်၊ မြေငလျင်၊ မီးဘေး၊ ရေလျှံခြင်းစသည့် အရေးပေါ်အခြေအနေများအတွက် ကြိုတင်ခန့်မှန်းခြင်းနှင့် သတိပေးစနစ်များ တပ်ဆင်ရန်၊

(၂) ဘေးအန္တရာယ်အမျိုးအစားတစ်ခုချင်းစီအတွက် အရေးပေါ် ကြိုတင်ပြင်ဆင်မှု လုပ်ထုံးလုပ်နည်းနှင့် အရေးပေါ်တုံ့ပြန်မှု လက်ကမ်းစာစောင်များကို ဒေသခံပြည်သူများနှင့်ဝန်ထမ်းများအား ပေးဆောင်ရန်၊

(၃) အရေးပေါ်အခြေအနေနှင့်ကြုံတွေ့ရပါက ဆက်သွယ်နိုင်ရန် ဖုန်းနံပါတ်များကို အများပြည်သူတွေ့မြင်နိုင်မည့် နေရာများတွင် ချိတ်ဆွဲထားရန်၊

(၄) အရေးပေါ်မီးငြိမ်းသတ်ရေးနှင့် ဘေးကင်းရေးထိန်းချုပ်မှုအတွက် တာဝန်ရှိပုဂ္ဂိုလ်အား စီမံခန့်ခွဲမှုအဖွဲ့မှ ခန့်အပ်ထားရန်။

(ဌ) **ဇီဝလုံခြုံရေးစီမံခန့်ခွဲမှုအစီအစဉ်**။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဖြစ်ပေါ်လာနိုင်သော ရောဂါများနှင့် ရောဂါပိုးကူးစက်မှုအန္တရာယ် အနည်းဆုံးဖြစ်စေရန် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ သင့်လျော်သော သိုလှောင်ခြင်း၊ ကိုင်တွယ်ခြင်းနှင့်စွန့်ပစ်ခြင်းများ ဆောင်ရွက်ရန်၊

(၂) ဇီဝလုံခြုံရေးစီမံခန့်ခွဲမှုအစီအစဉ်နှင့် ပတ်သက်၍ စံလုပ်ထုံးလုပ်နည်း(SOP) များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၃) ငါးမွေးမြူရေးကန်နှင့် အနီးတစ်ဝိုက်တွင် သန့်ရှင်းမှုရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန်၊

(၄) သတ္တဝါများနှင့် မလိုလားအပ်သော ကျေးငှက်တိရစ္ဆာန်များ ပြင်ပငါးမျိုးစိတ်များ၊ ဝင်ရောက်မှုမရှိစေရေး အကာအကွယ်များ တပ်ဆင် ထားရန်၊

(၅) ဝန်ထမ်းများနှင့် ည့ေသည်များအား စီမံကိန်းဧရိယာဝင်ခွင့်ကို အဝင်/အထွက် မတိုင်မီ သက်ဆိုင်ရာ ဆိုင်းဘုတ်များနှင့် ဇီဝလုံခြုံရေးအစီအမံများ ပံ့ပိုးပေးခြင်းဖြင့် စီမံဆောင်ရွက်ရန်၊

(၆) စီမံကိန်းမှ ထွက်ရှိသည့်ရေများအား physical Filtration System သို့မဟုတ် Sedimentation Pondတပ်ဆင်အသုံးပြုရန်၊

(၇) ငါးများကို သယ်ယူပို့ဆောင်ရာတွင် ငါးများပုပ်သိုးမှုမှ ကင်းဝေးစေရန် သတ်မှတ်ထားသော အအေးဓာတ် လျော့ကျမှုမရှိစေရေး စီမံဆောင်ရွက်ရန်၊

(၈) ဝန်ထမ်းများကို ဇီဝလုံခြုံရေးစီမံခန့်ခွဲမှုအစီအစဉ်နှင့် ပတ်သက်၍ သင်တန်းများနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ရန်။

(၃) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ် ။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့်စပ်လျဉ်း၍ SOX, NOx, CO, CO_2, O_3 ,PM_{10} ,$PM_{2.5}$, စသည့် Parameter များအား မီးဖိုချောင်ရေယာ၊ မီးခိုးခေါင်းတိုင်နှင့် မီးစက်များတွင် တစ်နှစ်လျှင် (၂) ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) ရေအရည်အသွေးနှင့်စပ်လျဉ်း၍ pH, BOD_5,COD, Oil and grease, Temperature increase, Total Coliform bacteria, Total Nitrogen, total Phosphorus,total suspended solids စသည့် Parameter များအား စွန့်ပစ် ရေနေရာ (၄)နေရာ တို့တွင် တစ်နှစ်လျှင် (၂)ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) ဆူညံသံနှင့် တုန်ခါမှုအား အရင်းအမြစ်(၁)နေရာနှင့် လက်ခံနေရာ (၁) နေရာတို့တွင် တစ်နှစ်လျှင်(၂)ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၄) အနှံစီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ အရင်းအမြစ် ၃နေရာနှင့် လက်ခံနေရာ ၂ နေရာတို့တွင် တစ်နှစ်လျှင် (၂)ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၅) မြေအရည်အသွေးအား pH, Conductivity,Total Nitrogen, Total Phosphorus, Potassium, Heavy Metals(Hg,Cr^{+6},Cd,Pb,Ar) စသည့် Parameter များအား တစ်နှစ်လျှင် (၂)ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၆) အစိုင်အခဲစွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းတို့အား ဝန်ထမ်းအိမ်ရာနှင့် အမှိုက်စွန့်ပစ်သည့်နေရာတို့တွင် လစဉ်တိုင်းတာစစ်ဆေးရန်။

(ဃ) **လျာထားအသုံးစရိတ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) ဇီဝမျိုးစုံမျိုးကွဲစောင့်ကြပ်ကြည့်ရှုရေးအတွက် ငါးမွေးမြူရေးလုပ်ငန်းတွင် ရန်ပုံငွေကျပ်(၁,၀၀၀,၀၀၀)ခန့် ၊ ငါးအစာတောင့်စက်ရုံတွင် ရန်ပုံငွေကျပ် (၁,၀၀၀,၀၀၀)ခန့်၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့်အအေးခန်း သိုလှောင်ရုံတွင် ရန်ပုံငွေကျပ်(၁,၀၀၀,၀၀၀)ခန့် ဇီဝလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ရန်ပုံငွေကျပ် (၁,၀၀၀,၀၀၀)ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) မျိုးစိတ်များလွတ်ထွက်ခြင်း စောင့်ကြပ်ကြည့်ရှုရေးအတွက် ငါးမွေးမြူရေးလုပ်ငန်းတွင် ရန်ပုံငွေကျပ်(၂,၀၀၀,၀၀၀)ခန့် ၊ လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) လေအရည်အသွေး စောင့်ကြပ်ကြည့်ရှုရေး အတွက် ငါးမွေးမြူရေးလုပ်ငန်းတွင် ရန်ပုံငွေကျပ်(၂,၀၀၀,၀၀၀)ခန့်၊ ငါးအစာတောင့်စက်ရုံတွင် ရန်ပုံငွေကျပ် (၂,၀၀၀,၀၀၀) ခန့်၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အအေးခန်းသိုလှောင်ရုံတွင် ရန်ပုံငွေကျပ် (၂,၀၀၀,၀၀၀)ခန့်၊ ဇီဝလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ရန်ပုံငွေကျပ် (၂,၀၀၀,၀၀၀)ခန့် လျာထား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) ဆူညံသံနှင့်တုန်ခါမှု စောင့်ကြပ်ကြည့်ရှုရေးအတွက် ငါးမွေးမြူရေးလုပ်ငန်းတွင် ရန်ပုံငွေကျပ်(၁,၀၀၀,၀၀၀)ခန့်၊ ငါးအစာတောင့်စက်ရုံတွင် ရန်ပုံငွေကျပ်(၁,၀၀၀,၀၀၀)ခန့် ၊ပြုပြင်ထုတ်လုပ်ခြင်းနှင့် အအေးခန်းသိုလှောင်ရုံတွင်ရန်ပုံငွေကျပ်(၁,၀၀၀,၀၀၀)ခန့်၊ ဇီဝလောင်စာသုံးလျှပ်စစ် ဓာတ်အားပေး စက်ရုံတွင် ရန်ပုံငွေကျပ် (၁,၀၀၀,၀၀၀)ခန့် လျာထား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၅) အနံ့စီမံခန့်ခွဲမှု စောင့်ကြပ်ကြည့်ရှုရေးအတွက် ငါးမွေးမြူရေးလုပ်ငန်းတွင် ရန်ပုံငွေကျပ်(၁,၀၀၀,၀၀၀)ခန့် ၊ ငါးအစာတောင့်စက်ရုံတွင် ရန်ပုံငွေကျပ် (၁,၀၀၀,၀၀၀)ခန့်၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့်အအေးခန်းသိုလှောင်ရုံတွင် အနံ့ဆိုး စောင့်ကြပ်ကြည့်ရှုရေးအတွက် ရန်ပုံငွေကျပ်(၂,၀၀၀,၀၀၀)ခန့် ၊ လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက် ရန်၊

(၆) ရေအရည်အသွေး စောင့်ကြပ်ကြည့်ရှုရေးအတွက် ငါးမွေးမြူရေးလုပ်ငန်းတွင် ရန်ပုံငွေကျပ်(၃,၀၀၀,၀၀၀)ခန့် ၊ ဇီဝလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ရန်ပုံငွေကျပ် (၂,၀၀၀,၀၀၀)ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၇) ငါးမွေးမြူရေးလုပ်ငန်းတွင် အောက်ခြေအနည်အနှစ် စောင့်ကြပ်ကြည့်ရှုရေး အတွက်ရန်ပုံငွေကျပ်(၂,၀၀၀,၀၀၀)ခန့် လျာထားသုံးစွဲမည်ကို လိုက်နာ ဆောင်ရွက်ရန်၊

(၈) ငါးမွေးမြူရေးလုပ်ငန်းတွင် မြေဆီလွှာညစ်ညမ်းခြင်းစောင့်ကြပ်ကြည့်ရှုရေး အတွက်ရန်ပုံငွေကျပ်(၁,၀၀၀,၀၀၀)ခန့် လျာထားသုံးစွဲမည်ကို လိုက်နာ ဆောင်ရွက်ရန်၊

(၉) အစိုင်အခဲစွန့်ပစ်ပစ္စည်း စောင့်ကြပ်ကြည့်ရှုရေးအတွက် ငါးမွေးမြူရေး လုပ်ငန်းတွင် ရန်ပုံငွေကျပ်(၃,၀၀၀,၀၀၀)ခန့် ၊ ငါးအစာတောင့်စက်ရုံတွင် ရန်ပုံငွေကျပ်(၃,၀၀၀,၀၀၀)ခန့်၊ ဇီဝလောင်စာသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံတွင် ရန်ပုံငွေကျပ် (၃,၀၀၀,၀၀၀)ခန့်၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အအေးခန်းသိုလှောင်ရုံတွင် ရန်ပုံငွေကျပ်(၃,၀၀၀,၀၀၀)ခန့် လျာထား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၁၀) စွန့်ပစ်အရည် စောင့်ကြပ်ကြည့်ရှုရေးအတွက် ငါးမွေးမြူရေးလုပ်ငန်းတွင် ရန်ပုံငွေကျပ်(၃,၀၀၀,၀၀၀)ခန့်၊ ငါးအစာတောင့်စက်ရုံတွင် ရန်ပုံငွေကျပ် (၃,၀၀၀,၀၀၀)ခန့်၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့်အအေးခန်းသိုလှောင်ရုံတွင် ရန်ပုံငွေကျပ်(၃,၀၀၀,၀၀၀)ခန့်၊ ဇီဝလောင်စာသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံတွင် ရန်ပုံငွေကျပ် (၃,၀၀၀,၀၀၀)ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၁၁) အန္တရာယ်ရှိစွန့်ပစ်ပစ္စည်းထုတ်လုပ်မှု စောင့်ကြပ်ကြည့်ရှုရေးအတွက် ငါးမွေးမြူရေးလုပ်ငန်းတွင် ရန်ပုံငွေကျပ်(၂,၀၀၀,၀၀၀)ခန့်၊ ငါးအစာတောင့် စက်ရုံတွင် ရန်ပုံငွေကျပ်(၂,၀၀၀,၀၀၀)ခန့်၊ ဇီဝလောင်စာသုံး လျှပ်စစ် ဓာတ်အားပေးစက်ရုံတွင် ရန်ပုံငွေကျပ်(၂,၀၀၀,၀၀၀)ခန့်၊ ပြုပြင်ထုတ် လုပ်ခြင်းနှင့် အအေးခန်းသိုလှောင်ရုံတွင် ရန်ပုံငွေကျပ်(၂,၀၀၀,၀၀၀)ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၁၂) ဖန်လုံအိမ်ဓာတ်ငွေ့ စောင့်ကြပ်ကြည့်ရှုရေး အတွက် ငါးမွေးမြူရေးလုပ်ငန်း တွင်ရန်ပုံငွေကျပ်(၁,၀၀၀,၀၀၀)ခန့်၊ ငါးအစာတောင့်စက်ရုံတွင် ရန်ပုံငွေ ကျပ် (၁,၀၀၀,၀၀၀)ခန့်၊ပြုပြင်ထုတ်လုပ်ခြင်းနှင့်အအေးခန်း သိုလှောင်ရုံ တွင်ရန်ပုံငွေကျပ်(၁,၀၀၀,၀၀၀)ခန့်၊ ဇီဝလောင်စာသုံး လျှပ်စစ်ဓာတ်အား ပေးစက်ရုံတွင် ရန်ပုံငွေကျပ် (၁,၀၀၀,၀၀၀)ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၁၃) အရင်းအမြစ်အသုံးပြုမှု စောင့်ကြပ်ကြည့်ရှုရေးအတွက် ငါးမွေးမြူရေး လုပ်ငန်းတွင် ရန်ပုံငွေကျပ်(၅၀၀,၀၀၀)ခန့်၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အအေးခန်းသိုလှောင်ရုံတွင် ရန်ပုံငွေကျပ်(၁၀၀၀,၀၀၀)ခန့်၊ ငါးအစာ တောင့် စက်ရုံတွင် ရန်ပုံငွေကျပ်(၃၀၀၀,၀၀၀)ခန့် လျာထားသုံးစွဲမည်ကို လိုက်နာ ဆောင်ရွက်ရန်၊

(၁၄) ကူးစက်ရောဂါနှင့် ပြည်သူ့ကျန်းမာရေး စောင့်ကြပ်ကြည့်ရှုရေးအတွက် ငါးမွေးမြူရေးလုပ်ငန်းတွင် ရန်ပုံငွေကျပ်(၂,၀၀၀,၀၀၀)ခန့်၊ ငါးအစာတောင့်စက်ရုံတွင် ရန်ပုံငွေကျပ်(၂၀၀၀,၀၀၀)ခန့်၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အအေးခန်းသိုလှောင်ရုံတွင် ရန်ပုံငွေကျပ်(၂၀၀၀,၀၀၀)ခန့် ဇီဝလောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ရန်ပုံငွေကျပ် (၂,၀၀၀,၀၀၀)ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၁၅) လမ်းအန္တရာယ်ကင်းရှင်းရေး စောင့်ကြပ်ကြည့်ရှုရေးအတွက် ငါးမွေးမြူရေးလုပ်ငန်းတွင် ရန်ပုံငွေကျပ်(၅၀၀,၀၀၀)ခန့်၊ ငါးအစာတောင့်စက်ရုံတွင် ရန်ပုံငွေကျပ်(၅၀၀,၀၀၀)ခန့်၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အအေးခန်းသိုလှောင်ရုံတွင် ရန်ပုံငွေကျပ် (၅၀၀,၀၀၀)ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၁၆) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး စောင့်ကြပ်ကြည့်ရှုရေးအတွက် ငါးမွေးမြူရေးလုပ်ငန်းတွင် ရန်ပုံငွေကျပ်(၅,၀၀၀,၀၀၀)ခန့်၊ ငါးအစာတောင့်စက်ရုံတွင် ရန်ပုံငွေကျပ် (၅,၀၀၀,၀၀၀)ခန့်၊ ပြုပြင်ထုတ်လုပ်ခြင်း နှင့်အအေးခန်းသိုလှောင်ရုံတွင် ရန်ပုံငွေကျပ် (၅,၀၀၀,၀၀၀)ခန့်၊ ဇီဝလောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ရန်ပုံငွေကျပ်(၅၀၀၀,၀၀၀)ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၁၇) ငါးမွေးမြူရေးလုပ်ငန်းတွင် ဇီဝလုံခြုံရေး စောင့်ကြပ်ကြည့်ရှုရေးအတွက် ရန်ပုံငွေကျပ်(၂,၀၀၀,၀၀၀)ခန့်လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့်အအေးခန်းသိုလှောင်ရုံတွင် ဇီဝလုံခြုံရေး စောင့်ကြပ်ကြည့်ရှုရေးအတွက် ရန်ပုံငွေကျပ် (၃၀၀၀,၀၀၀)ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၁၈) သဘာဝဘေးအန္တရာယ်စောင့်ကြပ်ကြည့်ရှုရေးအတွက် ငါးမွေးမြူရေးလုပ်ငန်းတွင် ရန်ပုံငွေကျပ်(၂,၀၀၀,၀၀၀)ခန့်၊ ငါးအစာတောင့်စက်ရုံတွင် ရန်ပုံငွေကျပ် (၃၀၀၀,၀၀၀)ခန့်၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့်အအေးခန်းသိုလှောင်ရုံတွင် သဘာဝဘေးအန္တရာယ် စောင့်ကြပ်ကြည့်ရှုရေးအတွက် ရန်ပုံငွေကျပ် (၃၀၀၀,၀၀၀)ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၁၉) ဆီနှင့်အညစ်အကြေးစွန့်ပစ်ပစ္စည်း စောင့်ကြပ်ကြည့်ရှုရေးအတွက် ငါးအစာတောင့်စက်ရုံတွင် ရန်ပုံငွေကျပ်(၁,၀၀၀,၀၀၀)ခန့် ပြုပြင်ထုတ်လုပ်ခြင်းနှင့်အအေးခန်းသိုလှောင်ရုံတွင် ရန်ပုံငွေကျပ်(၃၀၀၀,၀၀၀)ခန့် လျာထား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂၀) ငါးအစာတောင့်စက်ရုံတွင် မီးဘေးအန္တရာယ်ကင်းရှင်းရေး စောင့်ကြပ်ကြည့်ရှုရေးအတွက် ရန်ပုံငွေကျပ်(၂၀၀၀,၀၀၀)ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂၁) ဧဝလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် မြေမျက်နှာသွင်ပြင်နှင့် ရှုခင်းစောင့်ကြပ်ကြည့်ရှုရေးအတွက် ရန်ပုံငွေကျပ် (၁,၀၀၀,၀၀၀)ခန့် လျာထား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂၂) ဧဝလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် မြေသားပုံစံနှင့် မြေဆီလွှာ စောင့်ကြပ်ကြည့်ရှုရေးအတွက် ရန်ပုံငွေကျပ် (၁,၀၀၀,၀၀၀) ခန့် လျာထား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂၃) ဧဝလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် အပူလွန်ကဲခြင်း စောင့်ကြပ်ကြည့်ရှုရေးအတွက် ရန်ပုံငွေကျပ် (၃,၀၀၀,၀၀၀)ခန့် လျာထား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂၄) ဧဝလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် မြေဆီလွှာညစ်ညမ်းခြင်း စောင့်ကြပ်ကြည့်ရှုရေးအတွက် ရန်ပုံငွေကျပ် (၂,၀၀၀,၀၀၀) ခန့် လျာထား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်မည် ဖြစ်ကြောင်း၊

(၂၅) ဧဝလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် မီးဘေးအန္တရာယ် စောင့်ကြပ်ကြည့်ရှုရေးအတွက် ရန်ပုံငွေကျပ်(၂,၀၀၀,၀၀၀)ခန့် လျာထား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂၆) ဧဝလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် လမ်းအန္တရာယ် ကင်းရှင်းရေး စောင့်ကြပ်ကြည့်ရှုရေးအတွက် ရန်ပုံငွေကျပ် (၅၀၀,၀၀၀) ခန့် လျာထား သုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂၇) ယဉ်ကျေးမှု၊ သမိုင်းဝင်၊ ရှေးဟောင်းသုတေသနနှင့် ဘာသာရေးဆိုင်ရာ အမွေအနှစ်နေရာများ စောင့်ကြပ်ကြည့်ရှုရေးအတွက် ရန်ပုံငွေကျပ် (၁၀၀၀,၀၀၀)ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်။

(၃) **လုပ်ငန်းပိတ်သိမ်းခြင်း။** လုပ်ငန်းပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာ များ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်း မဆောင်ရွက်မီ တစ်လကြိုတင်၍ ပိတ်သိမ်းမည့် အစီအစဉ်ကို တင်ပြရမည်။

ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်စည်းကမ်းသတ်မှတ်ချက်များ

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း(EIA) အစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ပါဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ

မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ ငလျင်လှုပ်ခြင်း ကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည်၊

(၂) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရမည်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရမည်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရမည်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ် ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေး နိုင်ရေးအတွက် စွန့်ပစ် ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရမည်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတ ဖြစ်စေသော စီမံခန့်ခွဲမှု စနစ်ကို တိုးမြှင့်ဆောင်ရွက်ရမည်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရမည်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရမည်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုစီမံခန့်ခွဲမှုမှ အမှုန်အမွှားများကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက် အပိုဒ် ၁.၁ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေသန့်စင်စနစ်မှ စွန့်ပစ်ရေများကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက် အပိုဒ် ၁.၂၊ ၂.၁.၁၊ ၂.၂.၅၊ ၂.၃.၁.၃ ၂.၃.၁.၄ပါ စွန့်ထုတ်အရည်နှင့် ထုတ်လွှတ်အခိုးအငွေ့ပါ Parameter များ တိုင်းတာ၍ သတ်မှတ် ချက်နှင့် အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာ ဆောင်ရွက်ရန်၊

(၄) အနှံ့စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်အပိုဒ် ၁.၄ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၅) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၆) မြေပေါ်ရေအရည်အသွေး စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အား အမျိုးသား မြေပေါ်ရေအရည်အသွေးစံချိန်စံညွှန်းများ(၂၀၂၄)ပါ သတ်မှတ်ချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရန်၊

(၇) စီမံကိန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့်သတ်မှတ်ချက် များကို လိုက်နာဆောင်ရွက်ရန်၊

(၈) စီမံကိန်းတွင် အသုံးပြုသည့် စက်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ ပြောင်းလဲမှုရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဂ) **အနှံ့ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ငါးမွေးမြူခြင်း၊ ငါးများအေးခဲပြုပြင်ထုတ်လုပ်ခြင်း၊ ငါးပေါင်းမှုန့်ထုတ်လုပ် ခြင်းတို့မှ ပြင်ပသို့ မရောက်ရှိစေရေး ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီနှင့် ချိတ်ဆက်စွန့်ပစ်ရန်၊

(၂) အစီရင်ခံစာတွင်ဖော်ပြထားသည့် အနှံစီမံခန့်ခွဲမှုပါ လိုက်နာရန် အချက်များအား တိတိကျကျ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၃) အနှံထွက်ရှိသည့်နေရာများအားနေ့စဉ်သန့်ရှင်းရေးပြုလုပ်၍ ထားရှိရန်နှင့် စီမံကိန်းဧရိယာအနီးဒေသခံများမှ အနှံထွက်ရှိမှုနှင့် ပတ်သက်၍ တိုင်ကြားလာပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်မည့် အစီအမံများ ရေးဆွဲထားရှိဆောင်ရွက်ရန်၊

(၄) အနှံထွက်ရှိမှုနှင့် ပတ်သက်၍ ပြင်ပသို့ပျံ့လွင့်မှုမဖြစ်ပေါ်စေရန် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက် ၁.၄ပါသတ်မှတ်ချက်နှင့်အညီ လိုက်နာ ဆောင်ရွက်ရန်။

(ဃ) **ဇီဝလောင်စာသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ အသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စပါးခွံဖွဲပြာများကို သေချာစွာသိုလှောင်၍ စိုက်ပျိုးရေးလုပ်ငန်းများတွင် မြေဩဇာအဖြစ် အသုံးပြုရန်၊

(၂) Gasifierမှ ထွက်ရှိလာသည့် အခြားစွန့်ပစ်ပစ္စည်းများအား လူနေအိမ်ရာများနှင့်ဝေးသောနေရာများ၊ လယ်ယာစိုက်ပျိုး၍ မရသောနေရာများ/ စည်ပင်သာယာမှသတ်မှတ်ပေးထားသော နေရာများတွင်သာ မြေတွင်း တူးစွန့်ပစ်ရန်၊

(၃) အလုပ်သမားများ အသက်ရှူလမ်းကြောင်းအန္တရာယ်မှ ကာကွယ်နိုင်ရန် နှာခေါင်းစည်းများ တပ်ဆင်အသုံးပြုရန်၊

(၄) မီးခိုးနှင့် အနံ့ဆိုးများထွက်ရှိမှုကို ထိန်းချုပ်ရန် မီးခိုးခေါင်းတိုင်အား အမြင့်ပေ၄၀နှင့် အထက်ထားရှိရန်။

(င) **မြေအရည်အသွေး စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထားရှိရာတွင် မြေဆီလွှာထိခိုက်မှုမရှိစေရေး စနစ်တကျ စီမံ ဆောင်ရွက်ထားရှိရန်၊

(၂) လောင်စာဆီများ ယိုဖိတ်မှု မရှိစေရေး စနစ်တကျ သိုလှောင်ထားရှိရန်။

(စ) **ရေအရည်အသွေး စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းမှ ထွက်ရှိသည့် စွန့်ပစ်ရေများအား Wastewater Treatment Plant တည်ဆောက်ပြီးမှ သန့်စင်စွန့်ထုတ်ရန်၊

(၂) ရေစီးရေလာ ကောင်းမွန်စေရေးအတွက် စီမံကိန်းဧရိယာအတွင်းရှိ ရေမြောင်းများအား ပုံမှန်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်၊

(၃) စီမံကိန်းမှထွက်ရှိသည့် စွန့်ပစ်ရေများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှင့်မှု) လမ်းညွှန်ချက်များပါ သတ်မှတ်ချက်များနှင့် အညီ သန့်စင်မှုပြုလုပ်ပြီးမှ စွန့်ပစ်ရန်။

(ဆ) **ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ထုတ်လုပ်ရာတွင် မဖြစ်မနေအသုံးပြုရမည့် ဓာတုဗေဒပစ္စည်းများကိုသာ အသုံးပြုထားရှိရန်၊

(၂) ဓာတုဗေဒပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့မှ ထုတ်ပေးထားသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သိုလှောင်ခွင့် လိုင်စင်ရရှိရန်နှင့် သိုလှောင်ထားရှိသည့် နေရာများတွင် Chemical Safety Data Sheet များအား ထုတ်ပြန်ထားရန်၊

(၃) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအား Concrete Floor ခင်းထားပြီး လေဝင်လေထွက်ကောင်းမွန်သည့် စနစ်များနှင့် Fire Fighting စနစ်များ တပ်ဆင်ထားသည့် အဆောက်အဦများတွင် သိုလှောင်ထားရှိရန်၊

(၄) ဖော်မစ်အက်ဆစ်ပါဝင်သော ပုံးခွံများ၊ အကြွင်းအကျန်များကို စနစ်တကျ စွန့်ပစ်သိမ်းဆည်းရန်၊

(၅) ပလတ်စတစ်များကို သတ်မှတ်နေရာများတွင် စနစ်တကျစွန့်ပစ်ရန်နှင့် မီးမရှို့ရန်၊

(၆) ဒီဇယ်ဆီအကြွင်းအကျန်များပါဝင်သော ပုံးခွံများကို စနစ်တကျ ကိုင်တွယ် အသုံးပြုရန်။

(ဇ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံ များအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံ အဆောက်အအုံဖွံ့ဖြိုး တိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး တို့ကို ဆောင်ရွက်ရမည်။

(စျ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိ ပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကိုလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ည) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှု များကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရ မည်။

ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင် အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီ အတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်း အဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယ တိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် တစ်ဖက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(က က) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခ ခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိတိုးတက်မှု၊

(ဂ ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ် ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော် တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်း ချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက် ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြန်မြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလတ်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(၄) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက် များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထု ပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရ မည်။

(၅) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိ အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီ အစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရ

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ် ချက်များ၊

(င c) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော် တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စ စ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်း ချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက် ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလတ်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(၄) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက် များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထု ပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရ မည်။

(၅) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိ အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီ အစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရ

ဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရမည်။

(၄) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) အစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(၅) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည်သက်ဆိုင်ရာအခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကိုလက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) အစီရင်ခံစာပါ ကတိကဝတ် များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်း

များကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ခတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက် ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်း ကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာ မှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအား လုံးသည် ဖတ်ရှုနိုင်ရမည် ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှု များရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုး လုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်း ဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘော တူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ခတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့် နေ့ရက်မှ (၁၀) ရက် အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေး ဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများ စသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်း ရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရန်တင်ပြရမည်။ မည်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှု အစီရင် ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်း တောင်းခံချက်ကို ရရှိပြီးနောက်(၁၀)ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို

အီးမေးလ်ဖြင့် ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့် ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်ဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့် အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ် စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရမည်။

သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူ

သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆)လ ကြိုတင်၍သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီးပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန် တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) အစီရင်ခံစာ ကို အသစ်ပြုလုပ် တင်ပြရမည်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) အစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA)အစီရင်ခံစာကိုမူလ အတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက် မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) အစီရင်ခံစာ ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ

လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက် များသည် ဆိုးကျိုး သက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဥက္ကဋ္ဌကြီးဌာနက သတ်မှတ်ပါက စီမံကိန်း အဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီး ဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) အစီရင်ခံစာကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့် အတိုင်း ရန်ပုံငွေ ထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) အစီရင်ခံစာပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထား အသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

အထွေထွေစည်းကမ်းချက်များ

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့်အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။
